အသု – မီးခိုးမြူဝင် ရယ်ရှင်ငိုကြွေး စပ်ပူရေးကြောင့် ချွေးသို့
အဆင်း မျက်စိတွင်းတည် မျက်ရည်မည်သော ကော-
ဌာသသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး လား
လားမဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါသည်
တကား။

---

လျက် မွေးညှင်းပေါက် ဆံပင်ပေါက်တို့မှ ထွက်လာသော အာပေါဓာတ် (အရည်) တမျိုးကို "သေဒ=ချွေး" ဟု ခေါ်သည်၊ အဆင်းအားဖြင့် အထူးကြည်သော နှမ်းဆီအဆင်း ရှိ၏။

**အဆီခဲ။** ။ပြစ်ခဲ့နေသော အဆီကိုပင် "အဆီခဲ" ဟု ခေါ်၏၊ အဆင်းအားဖြင့် နနွင်းတက်ကို ခွဲခြမ်းလိုက်သောအခါ အထဲက နနွင်းကဲ့သို့ ဝါဝင်းသော အဆင်း ရှိ၏၊ ဝဖြိုးသူတို့၏ တကိုယ်လုံးဝယ် အရေနှင့် အသားတို့၏ အကြားတိုင်းမှာ တည်ရှိသည်၊ ဝါသော ပိုးသားပုဆိုးလွှာကလေးနှင့် တူ၏၊ ပိန်သူတို့၌ကား ခြေသလုံးသား ပေါင်သား ကျောက်ကုန်းသား ဝမ်းပြင်းသား စသော အသားများရာကို မှီ၍ (၂-ထပ် ၃-ထပ် ခေါက်အပ်သော ပိုးပုဆိုးဝါကလေးကဲ့သို့) တည်၏။

**မျက်ရည်။** ။မျက်စိ တို့မှ ယိုစီးသော အရည် တမျိုးကို "မျက်ရည်" ဟု ခေါ် ၏၊ အဆင်းအားဖြင့် အထူးကြည်သော နှမ်းဆီအဆင်း ရှိ၏၊ သည်းခြေအိမ်၌ သည်းခြေသည် အမြဲတည်ရှိသကဲ့သို့ ထိုအတူ ဤ မျက်ရည်သည် အမြဲတည်ရှိသည် မဟုတ်၊ အလွန်ဝမ်းမြောက်၍ အကြီး